# မင်းသမီး

ကျွန်တော် ကြားဖူးသလို ပြောဆိုပါမည်



# အခန်း (၁)

မောင်မောင်၊ စိန်ခိုနှင့် ညှပ်ကြီးဆိုသော ဆယ်တန်းကျောင်းသား သူငယ်ချင်းသုံးဦးတို့ သည် ကျောင်းမှ ထွက်သော အခါ၌ လည်း ပူးပေါင်း၍ နေထိုင်ကြလေ၏။ သုံးဦးစလုံး ဆယ်တန်း ဖြေကြသော်လည်း စိန်ခိုတစ်ဦးတည်းသာလျှင် ဆယ်တန်းအောင်လေ၏။ ဆယ်တန်း အောင်သော်လည်း တက္ကသိုလ်သို့မသွားဘဲ အစိုးရရုံးကြီးတစ်ရုံး၌ ဝင်ရောက်၍ အလုပ်လုပ်ကိုင်လေ၏။

ပုဂံမှ ကျောင်းလာ၍ တက်သော ညှပ်ကြီးဆိုသူမှာ လည်း အိမ်ပွဲစားလိုလို၊ ခြံပွဲစားလိုလို အလုပ်မျိုးဖြင့် ရပ်တည်နေလေ၏။ မောင်မောင်မှာမူ ဟိုပုံနှိပ်တိုက်တွင် စာပြင်ဆရာလုပ်လိုက်၊ ဒီပုံနှိပ်တိုက်တွင် စာပြင်ဆရာလုပ်လိုက်နှင့် အသက်မွေးနေလေ၏။

၎င်းတို့ သုံးဦးစလုံးသည် ရန်ကုန်မြို့၊ ကျောက်မြောင်း ရပ်ကွက်အတွင်းရှိ အိမ်ခန်းတစ်ခန်းတွင် ငှားရမ်းနေထိုင်ကြလေ၏။ အိမ်လခကို စုပေါင်း၍ ထည့်ကြလေ၏။ ထမင်းကိုလည်း သုံးယောက်ပေါင်း၍ အကုန်အကျခံကာ ချက်စားကြလေ၏။ ဒိုင်ခံ၍ ထမင်းချက်သူမှာ မောင်မောင် ဖြစ်၏။ ပုဂံမှ ညှပ်ကြီးသည် ဈေးဝယ်ရလေ၏။ စိန်ခိုမှာ မူ တံမြက်စည်းလှည်းခြင်း၊ အမှိုက်ပစ်ခြင်း စသော အိမ်သန့်ရှင်းရေး အလုပ်များ လောက်ကိုသာ လုပ်ရလေ၏။

တစ်ညတွင် သူငယ်ချင်းသုံးဦးသည် ထမင်းစားပြီးနောက် ရေနွေးကြမ်းတစ်အိုးဖြင့် စကားစမြည်ပြော၍ နေကြလေ၏။ ထိုသို့ပြောနေကြစဉ် စိန်ခိုက-

"နေစမ်းပါဦး ပုဂံညှပ်ကြီးရဲ့ ...၊ မင်းက အိမ်ပွဲစားလိုလို ခြံပွဲစားလိုလိုနဲ့ မင်းရည်ရွယ်ချက်က ဘာလုပ်မှာ လဲ" ဟု မေးလိုက်ရာ ပုဂံညှပ်ကြီးက-

"အိမ်ပွဲစား၊ ခြံပွဲစားက လောလောဆယ် ဝင်ငွေလေးရှိအောင် ငါလုပ်နေတာကွ..၊ အဲဒီအလုပ်တွေကို ငါက ဝါသနာပါတာ မဟုတ်ဘူး .." ဟု ပြန်၍ ပြောလျှင် မောင်မောင်က-

"နေစမ်းပါဦး ညှပ်ကြီးရ...၊ မင်းက ဘာဖြစ်ချင်တာတုန်း..."ဟု မေးလိုက်ရာ ပုဂံညှပ်ကြီးက-

"ငါက ကမ္ဘာကျော်လက္ခဏာဆရာကြီး ကိုင်ရိုလို လက္ခဏာဆရာကြီး လုပ်ချင်တာကွ...၊ ဒါကြောင့် အဲဒီပညာကို ငါက လေ့လာနေတာ..."ဟု ပြောလိုက်ရာ စိန်ခိုက-

"ဘာပဲဖြစ်ဖြစ်ကွာ.. ရည်ရွယ်ချက်ရှိတယ်ဆိုရင် ပြီးတာပါပဲ.. အဲဒီတော့ မောင်မောင့်ကိုပဲ မေးဖို့ ကျန်တော့တယ်၊ မောင်မောင် မင်းကရော ဘာလုပ်မှာ လဲ၊ အခုတော့ ဟိုပုံနှိပ်တိုက်မှာ စာပြင်ဆရာလေး လုပ်လိုက်၊ ငွေလေး သုံးလေးဆယ်ရလိုက်နဲ့ ပြောစမ်းပါဦး..."ဟု ပြောလိုက်ရာ မောင်မောင်က-

"စာပြင်ဆရာအလုပ်က ငါဝါသနာပါတာ မဟုတ်ဘူး ကွ..၊ လောလောဆယ် စားဖို့ သောက်ဖို့ ရအောင် လုပ်နေရတာ..၊ တကယ် ငါလုပ်ချင်တာက စာရေးဆရာကွ၊ စာရေးဆရာဆိုတော့လည်း အချစ်အကြောင်းတွေ ဘာတွေ ရေးချင်တာ မဟုတ်ဘူး ထူးထူးဆန်းဆန်း အကြောင်းအ

ရာတွေ ရေးချင်တာကွ၊ အလွယ်ပြောရရင် ဂမ္ဘီရစာရေးဆရာပေါ့ကွာ…၊ ဆရာကြီး မြစကြာတို့ ၊ မြစလွယ်တို့လိုမျိုး နာမည်ကြီးစာရေးဆရာကြီး ဖြစ်ချင်တာကွ…"ဟု ပြောလိုက်လျှင် စိန်ခိုက -

"မင်းနဲ့ အဲဒီအလုပ်နဲ့ က နီးစပ်ပါတယ်ကွာ…၊ မင်းက ပေါက်တတ်ကရတွေ စိတ်ကူးတတ်တာပဲ၊ ဘာပဲဖြစ်ဖြစ် အောင်မြင်အောင် လုပ်ကွာ …"ဟု ပြောလိုက်ရာ မောင်မောင်က-

"ကဲ.. စိန်ခို မင်းကရော ဘာရည်ရွယ်ချက်လဲ"ဟု မေးပြန်၏။

"ငါ့မှာ မင်းတို့ ကို ဘာရယ်လို့ အတိအကျပြောဖို့ ခက်တယ်ကွ၊ ချမ်းသာချင်တာ တစ်ခုတည်းပါပဲကွာ၊ ချမ်းသာရင် တိတ်ဆိတ်ငြိမ်းချမ်းတဲ့ မြို့လေးတစ်မြို့မှာ ဥပမာ သန်လျင်တို့ ၊ ပြင်ဦးလွင်မြို့တို့ ပေါ့ကွာ…၊ အဲဒီလိုနေရာမှာ ခြံကျယ်ကျယ်ကြီး တစ်ခြံဝယ်ပြီး အိမ်ကြီးတစ်လုံး လှလှပပဆောက်မယ်ကွာ…၊ ပြီးတော့ နောက်ထပ်တစ်ခြံဝယ်ပြီး ဆယ်တန်းကျောင်းသားတွေအတွက် ဘော်ဒါဆောင် ဆောက်မယ်ကွာ၊ ဘော်ဒါဆောင်သက်သက် မဟုတ်ဘူး ကွ…၊ ဆရာတွေလည်း ငှားထားပေးဦးမှာ …၊ ကျောင်းသားတွေကို စာပြဖို့ တစ်နှစ်တည်းနဲ့ အပြတ် ဆယ်တန်းအောင်အောင် မောင်းမယ်ကွာ..၊ ကျောင်းသားတစ်ယောက်ကိုတော့ အပြတ် ဘယ်နှစ်သိန်းပေးရမယ်ဆိုပြီး ယူမယ်ကွာ…၊ ငါလုပ်တဲ့ အလုပ်ကတော့ ဒါပါပဲကွာ…၊ ငါ့ရဲ့ ခြံနဲ့ အိမ်ကို 'စိန်ဂေဟာ'လို့ နာမည်ပေးမယ်ကွာ၊ ငါ့ရဲ့ ဘော်ဒါဆောင်ကို 'နှစ်ချင်းပေါက်'လို့ နာမည်ပေးမယ်ကွာ…" ဟု ပြောလိုက်ရာ မောင်မောင်နှင့် ညှပ်ကြီးက-

"မင်းအကြံလည်း မဆိုးပါဘူး.. ဖြစ်အောင်လုပ်ပါကွာ…"ဟု ပြောလေ၏။

ထိုအချိန်၌ ခေါင်းရင်းဘက်အိမ်မှ ဒေါ်သာဥဏ်ဆိုသည့်အဒေါ်ကြီး

ရောက် လာလေ၏။ ထိုအချိန်၌ နှုတ်သွက်လျှာသွက်နိုင်လှသော မောင်မောင်က-

"လာပါခင်ဗျာ...၊ ထိုင်ပါခင်ဗျာ၊ ဘာများ အကြောင်းထူးလို့ လဲ..." ဟု မေးရာ ဒေါ်သာညဏ်ကြီးက-

"အကြောင်းထူး မရှိပါဘူးကွယ်...၊ သန်ဘက်ခါကျရင် မင်းတို့ ဦးလေးဆုံးတာ နှစ်ပတ်လည်ပြီကွဲ့....၊ အဲဒါ ဘုန်းကြီးဆွမ်းကပ်ချင်လို့ မင်းတို့ သုံးယောက်က ဝိုင်းပြီး ကူညီကြပါဦးလို့ အဒေါ်က လာပြီးပြောတာ..."ဟု ပြောလိုက်လျှင် မောင်မောင်က-

"ပြောစရာမလိုပါဘူး အဒေါ်ရယ်...၊ နှစ်အိမ့်တစ်အိမ် နေကြတာပဲ၊ ကျွန်တော်တို့ လုပ်မှာ ပေါ့၊ မနက်ဖြန် ညှပ်ကြီးကို ဈေးလွှတ်လိုက်မယ်လေ..၊ သူက ဈေးဝယ်မယ်၊ ကျွန်တော်က ချက်မယ်၊ တစ်အိမ်လုံးမှာ ရှိတဲ့ မီးကျွမ်းတာတွေကို စိန်ခိုက ပြန်ပြီး ပြင်မယ်၊ မီးလုံးအသစ်တွေ ထည့်မယ်၊ ဘုန်းကြီးကျောင်းကိုသွားပြီး ဘုန်းကြီးပင့်မယ်..."ဟု ပြောလိုက်ရာ ဒေါ်သာညဏ်ကြီးက-

"ဟင်းက ဘာတွေချက်မှာ လဲ မောင်မောင်ရဲ့ " ဟု မေးလေ၏။ ထိုအခါ မောင်မောင်က-

"ကြက်သားတစ်ခွက်၊ ဝက်သားတစ်ခွက်၊ ကြက်မြစ်ကြက်သဲနဲ့ ပန်းဂေါ်ဖီနဲ့ ကြော်မယ်၊ ပဲကြီးကို ကြက်ရိုးခပ်ပြီး ဟင်းချိုချက်မယ်၊ ကျက်ခါနီးမှာ ဆူးပုပ်ရွက်ကို မီးသင်းပြီး ထည့်မယ်၊ ရှောက်သီးသုပ်နဲ့ ငါးပိကြော်လည်း ထည့်ရမှာ ပေါ့...၊

ဆွမ်းစားပြီးရင်ကပ်ဖို့ အချိုပွဲကတော့ ဒူးရင်းယိုရယ်၊ နာနတ်ယိုရယ်၊ ကတွတ်ယိုရယ်၊ ဟိုလမ်းထိပ်က အိမ်မှာ ရောင်းပါတယ်၊ အဲဒီကပဲ ဝယ်ပြီး ကပ်လိုက်တာပေါ့...၊ ရေနွေးကြမ်းကိုတော့ လက်ဖက်အစိုရော၊

လက်ဖက်အခြောက်ရော ခပ်ပြီး ဘုန်းကြီးကို ကပ်ရမှာ ပဲ..."ဟု ပြောလိုက်ရာ ဒေါ်သာညဏ်ကြီးက-

"ဟုတ်ပါပြီ မောင်မောင်ရယ်.. မင်းတို့ ကိုပဲ လွှဲပါတယ်"ဟု ပြောကာ ပြန်သွားလေ၏။ ထိုအခါ ပုဂံညှပ်ကြီးက-

"တကယ်ပွဲစားလုပ်ရမှာ က ငါ မဟုတ်ဘူး ကွ၊ မောင်မောင်လုပ်ရမှာ ..၊ မောင်မောင့်လေသံက ပွဲစားလေသံမျိုးပဲ၊ တစ်ဖက်လူ ကြားဝင်စရာမရှိဘဲ စေ့နေအောင် ပြောနိုင်တယ်...၊ တစ်ခုတော့ ရှိတယ်၊ အိမ်နီးချင်းမို့ ကူညီချင်တာလည်း ပါမှာ ပေ့ါ၊ ဒေါ်သာညဏ် သမီးကို မျက်စိကျနေတာလည်း ပါမှာ ပါ..."ဟု ပြောလိုက်လျှင် စိန်ခိုက..

"အဲဒါက အဓိကနဲ့ တူပါတယ်..."ဟု ဝင်၍ ပြောလေ၏။ ထိုအခါ မောင်မောင်က-

"အိုးစွပ်မစား၊ ခွက်စွပ်မစား မစွပ်စွဲကြစမ်းပါနဲ့ ကွာ" ဟု ပြောလေ၏။

"စွပ်စွဲတာ မဟုတ်ဘူး မောင်မောင်ရေ...၊ ဟိုတစ်နေ့က ကောင်မလေးက ဝေဿန္တရာဇာတ် ဟိမဝန္တာချီးမွမ်းခန်းကို နားမလည်ဘူးဆိုလို့ မင်းက စေတမုဆိုး ဝေဿန္တရာကို လမ်းညွှန်တဲ့ အခန်းရယ်၊ ဇူဇကာပုဏ္ဏားကို လမ်းညွှန်တဲ့ အခန်းရယ်ဟာ ဟိမဝန္တာ ချီးမွမ်းခန်းပဲလို့ ရှင်းပြနေတယ်လေ...၊

အဲဒီတုန်းက မင်းမျက်လုံးတွေကို ငါအကဲခတ်နေတယ် မောင်မောင်၊ မင်းမျက်လုံးတွေက တကယ့်ကို တဏှာရူး မျက်လုံးတွေ ဖြစ်နေတယ်ဆိုတာကို ငါတွေ့ရတယ်..."ဟု ပြောလိုက်ရာ စိန်ခိုက တဟားဟား ရယ်လေတော့၏။

ထိုအခါ -

"ညှပ်ကြီးကတော့ ညှပ်ပြီဟေ့..."ဟု အော် လိုက်လေတော့သတည်း ။

******

## အခန်း (၂)
## ကြောင်လုပ်လို့

နောက်တစ်နေ့တွင် ဒေါ်သာဥာဏ်ကြီး၏ ယောကျ်ား ဦးဖေခင် ကွယ်လွန်သည်  မှာ တစ်နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ်အဖြစ် ဆွမ်းကျွေးရန်အတွက် ညှပ်ကြီးက ဈေးဝယ်ရလေ၏။ စိန်ခိုကမူ တစ်အိမ်လုံးရှိ မီးလုံး၊ မီးချောင်းများကို ပြင်ဆင်ရလေ၏။ မောင်မောင်ကမူ တစ်ညလုံး ဝက်သားဟင်း၊ ကြက်သားဟင်းများ ချက်ပြုတ်ရလေ၏။

ထိုသို့ ဝိုင်းဝန်းကူညီရာတွင် ဒေါ်သာဥာဏ်ကြီး၏ ညီမ 'ဒေါ်လေးဖန်'ကလည်း ဝင်၍ အလုပ်လုပ်ပေး၏။ ဒေါ်သာဥာဏ်ကြီး၏ သမီး 'လှမျိုးနိုင်'ကလည်း မတတ်ဘဲနှင့် သြဇာ ပေးနေလေ၏။ ဒေါ်လေးဖန်က ညှပ်ကြီးဝယ်လာသော ပစ္စည်းများကိုကြည့်ပြီးလျှင်-

"ညှပ်ကြီးက အဝယ်အခြမ်းတော်တယ်၊ ဝယ်လာတာတွေအားလုံး ဈေးသက်သာတယ်..." ဟု ပြောလိုက်ရာ ညှပ်ကြီးက-

"ကိုယ့်ဒေါ်လေးတွေ၊ ဒေါ်ကြီးတွေ မကုန်သင့်တာ မကုန်ရအောင် ကျွန်တော်က တအားဆစ်တာ.."ဟု ပြောလေ၏။ ညှပ်ကြီးနှင့် ဒေါ်လေးဖန်သည် မြင်၍ မကောင်းအောင် ရင်းနှီးသွားကြပြီ ဖြစ်၏။ ဒေါ်လေးဖန်က

"ညှပ်ကြီးကို နို့တိုက်ပြီးမွေးမှ ကောင်းမယ်..."ဟု ပြောကာ ညှပ်ကြီး

ကို ဖမ်းချုပ်၍ နို့တိုက်ဟန်ပြုလေ၏။ ညှပ်ကြီးကလည်း ရုန်းကန်ထွက်ရင်း ဒေါ်လေးဖန်ကို ဖက်နမ်းမည့်ဟန် ပြုလေ၏။ ထိုအချိန်၌ ဒေါ်သာညဏ်ကြီး ရောက် လာပြီးလျှင်...

"ဟဲ့.. မိဖန်.. ကလေးတွေနဲ့ ဒီလိုမကစားနဲ့ နော်၊ နောက်သလိုလိုပြောင်သလိုလိုနဲ့ တကယ် ညားသွားတတ်တယ်၊ ငါနဲ့ လှမျိုးနိုင်တို့ အဖေရသွားတာ အဲဒီလိုရသွားတာ၊ တစ်ယောက်နဲ့ တစ်ယောက် ရွယ်တူ မဟုတ်ဘူး ...၊

လှမျိုးနိုင်တို့ အဖေက ငါ့ထက် အများကြီးငယ်တယ်၊ နောက်ရင်းပြောင်ရင်း၊ ဆော့ရင်း ကစားရင်းနဲ့ ညားသွားလို့ ယူလိုက်ကြရတာ..." ဟု ပြောရာ ဒေါ်လေးဖန်က-

"စိတ်ချ မမညဏ်ရေ.. ညှပ်ကြီးနဲ့ တော့ မညားစေရပါဘူး..."ဟု ပြောရာ ညှပ်ကြီးက-

"ဒေါ်လေးဖန်.. ခင်ဗျားစကား ခင်ဗျားမှတ်ထားနော်၊ လူရှေ့မှာ တစ်မျိုး၊ လူကွယ်ရာမှာ တစ်မျိုး မလုပ်ကြေး..."ဟု ပြောလိုက်ရာ လှမျိုးနိုင်က-

"ဟော.. ပေါ်ပြီ.. ပေါ်ပြီ..၊ လူကွယ်ရာမှာ ဘာတွေဖြစ်ကြတယ် မသိဘူး.."ဟု ပြောလိုက်လျှင် မောင်မောင်က-

"ဟဲ့ ကောင်မလေး.. သူတို့ ဟာသူတို့ ဘာတွေလုပ်လုပ် နင်ဝင်မပြောနဲ့ ...၊ နင့်အရွယ်က ဒါတွေပြောရမှာ မဟုတ်ဘူး ..."ဟု ဟန့်တားလိုက်လေ၏။

ဤသို့နေလာခဲ့ရာ နောက်တစ်နှစ်ခန့် ကြာသောအခါ၌ စိန်ခိုသည် အမွေရသဖြင့် ကျွန်ုပ်တို့ နှင့် မနေတော့ဘဲ သန်လျင်သို့ ပြောင်းသွား

လေတော့၏။ သန်လျင်တွင် ခြံကြီးတစ်ခြံကိုဝယ်ကာ လှပသော အိမ်ကြီးတစ်အိမ် ဆောက်လုပ်နေထိုင်လေတော့၏။ ၎င်းသည် ရုံးတွင်လည်း ရာထူးတက်သွားပြီ ဖြစ်၏။ ယခင်က စာရေးလေးတစ်ဦးသာ ဖြစ်သော်လည်း ယခုအခါတွင် ရုံးအုပ်ဖြစ်သွားပြီ ဖြစ်၏။

ညှပ်ကြီးမှာ ဗေဒင်လက္ခဏာပညာကို လေ့လာခဲ့ရာ အတော်လေးတတ်ကျွမ်းသည့် အခြေအနေသို့ ရောက်နေပြီ ဖြစ်၏။ ထိုအချိန်၌ ဒေါ်လေးဖန်က ရွှေတိဂုံဘုရား မြောက်ဘက်မုခ်တွင် ဆိုင်ခန်းလေးတစ်ခန်း ဝယ်ပေးသဖြင့် ထိုဆိုင်ခန်းကို ဗေဒင်ဆိုင်ခန်းအဖြစ် ပြုလုပ်ကာ ညှပ်ကြီးသည် ဗေဒင်လက္ခဏာ ဟောပြောခြင်းအလုပ်ကို အောင်အောင်မြင်မြင် ပြုလုပ်နေပြီ ဖြစ်၏။

ကျွန်ုပ်မှာ မူ ရှေးဟောင်း ဂမ္ဘီရဆန်သော မင်းသမီးတစ်ဦး၏ အကြောင်းကို ဝတ္ထုသဖွယ် ရေးသား၍ ထုတ်ဝေသည့်အဆင့်သို့ ရောက်နေပြီ ဖြစ်၏။ သို့ရာတွင် မအောင်မြင်သေး သောကြောင့် စီးပွားရေးမှာ အလွန်ကျပ်တည်းလေ၏။

တစ်နေ့တွင် ကျွန်ုပ်သည် စီးပွားရေးအကျပ်အတည်းကြောင့် စိတ်ပျက်အားငယ်လွန်းသဖြင့် ရွှေတိဂုံဘုရားသို့တက်ကာ ဘုရားဖူးရလေ၏။ ထိုသို့ ဘုရားဖူးစဉ် ပုဂံညှပ်ကြီးနှင့် တွေ့ရလေ၏။

ကျွန်ုပ်သည် ကျွန်ုပ်၏ အကျပ်အတည်းကို ပုဂံညှပ်ကြီးအား ပြောပြမိလေ၏။ ထိုအခါ ပုဂံညှပ်ကြီးက-

"မင်းနှယ်ကွာ.. စိန်ခိုကြီး ဒီလောက်ကြီးပွားနေတာ ဒီကောင့်ဆီသွားပေါ့ကွာ..၊ မင်းတို့ ငါတို့ ခွဲခွာလာတဲ့ သုံးလေးနှစ်အတွင်းမှာ ဒီကောင် ဘယ်လောက် ကြီးပွားသွားပြီ မှတ်သလဲ..၊ သန်လျင်မှာ ခြံနဲ့ ဝန်းနဲ့ ၊ တိုက်နဲ့ တာနဲ့ ၊ ဒါတွေကတော့ အမွေရလို့ ဖြစ်တယ်ပဲ ထားတော့၊ ကား

ကြီးတစ်စီးကလည်း အကောင်းစားကြီးကွ...၊ အဲဒါကြီးဝယ်စီးနေတာ.." ဟု ပြောရာ ကျွန်ုပ်က-

"ဒါက ဒီလိုဖြစ်လိမ့်မယ်ထင်တယ် ညှပ်ကြီးရဲ့ ၊ ဒီကောင်က ဘော်ဒါဆောင်ဖွင့်မယ်လို့ ပြောဖူးတယ်ကွ၊ သူ့ဘော်ဒါဆောင်ကိုလည်း တစ်နှစ်တည်းနဲ့ ဆယ်တန်း အောင်ရမယ်..၊ 'နှစ်ချင်းပေါက်' ဆိုတဲ့ နာမည်ပေးမယ် ဆိုပဲ..."ဟု ပြောလိုက်ရာ ပုဂံညှပ်ကြီးက-

"ဘယ်က ဟုတ်မလဲကွာ..၊ ဒီကောင်က လောင်းကစားသမားကွ၊ အဲဒီတော့ ဂျင်ဝိုင်းတွေ၊ ဖဲဝိုင်းတွေ ထောင်တာပေါ့၊ အဲဒီက ငွေတွေရတာကွ၊ တော်တော်လေးလည်း ရပြီးရော ဒီကောင်က လူလည်ပဲကွာ..၊ ဘရိတ်အုပ်လိုက်တော့တာပေါ့...၊ မလုပ်တော့ဘူးကွ၊

အဲဒီတော့ ဒီကောင့်ဆီမှာ ငွေတွေ တနင့်တပိုးကြီး ရှိတယ်၊ မင်းမှာ အကျပ်အတည်းတွေ့ရင် ဒီကောင့်ဆီသွားပြီး အကူအညီတောင်းကွ..." ဟု အကြံပေးလေ၏။

ထို့ကြောင့် မောင်မောင်လည်း သန်လျင်သို့ ထွက် လာပြီးလျှင် စိန်ခိုကို ရှာရလေ၏။ စိန်ခိုကိုတွေ့သောအခါ ၎င်းကြားထားသည့်အတိုင်း ခြံဝန်းကျယ်ကြီးနှင့် ခမ်းနားသော တိုက်အိမ်ကြီးနှင့်မဟုတ်၊ သုံးပင်နှစ်ခန်း ပျဉ်ထောင်အိမ်ကလေး၌ ဆင်းရဲနွမ်းပါးစွာ နေနေရသည့်အဖြစ်နှင့်သာ တွေ့ရလေ၏။

မောင်မောင် ရောက်သွားသည့်အချိန်၌ စိန်ခိုသည် ကြောင်သုံးကောင်ကို နံပြားဖွဲ့၍ ကျွေးနေလေ၏။ မောင်မောင်သည် အိမ်ပေါ်သို့ တက်သွား၏။

"အမလေး.. စိန်ခိုရယ်.. မင်းကို ရှာလိုက်ရတာကွာ..."ဟု ပြောလိုက်သည့်အချိန်၌ စိန်ခို၏ ကြောင်တစ်ကောင်က စိန်ခို၏ မျက်နှာကို

မော့ကြည့်ပြီးလျှင် တညောင်ညောင် အော်လေ၏။ ထိုအခါ စိန်ခိုက-

"မင်းကလည်း အတော်စပ်စုတဲ့ ကောင်ပဲ၊ ဒါ တခြားလူ မဟုတ်ဘူး ကွ၊ ဒါ ငါ့သူငယ်ချင်း မောင်မောင်တဲ့ ၊ ဆယ်တန်းအတူ တက်ခဲ့ကြတာ ကွ၊ ပြီးတော့လည်း တစ်အိမ်တည်း အတူနေခဲ့ကြတာ..."

"ထိုအခါ သူ၏ ကြောင်က တညောင်ညောင် အော်ပြန်၏။ ထိုအခါ စိန်ခိုက-

"ဘာအလုပ်လုပ်သလဲ ဟုတ်လား..၊ ဒီကောင်က စာရေးဆရာကွ၊ ပြီး ခဲ့တဲ့ လတုန်းက ဒဏ္ဍာရီမင်းသမီး တစ်ယောက်အကြောင်း စာအုပ်တစ် အုပ် ထုတ်လိုက်သေးတယ်လေကွာ..."ဟု ပြောသဖြင့် မောင်မောင် လည်း အံ့ဩနေ၏။

ထိုအချိန်၌ သူ၏ ကြောင်က တညောင်ညောင် အော်ပြန်၏။

"အေး.. ဟုတ်တယ်၊ မင်းပြောတာ ဟုတ်တယ်၊ ဒီကောင်က ရှေး ဟောင်းရာဇဝင်သမိုင်း အဖြစ်အပျက်တွေကို ဝတ္ထုလိုလုပ်ပြီး ရေးနေ တာကွ..."ဟု ပြန်၍ ပြောလိုက်လျှင် စိန်ခို၏ ကြောင် အော်ပြန်လေ၏။ ထိုအခါ စိန်ခိုက-

"ဒီလိုရေးတယ်ဆိုကတည်းက ဒီကောင်က ရာဇဝင်သမိုင်းကို ပိုင်လို့ ပေါ့ကွ..."ဟု ပြောလိုက်ရာ သူ၏ ကြောင်က အော်ပြန်၏။

"ဩော်.. ပိုင်တယ်ဆိုရင် မေးခွန်းတစ်ခု မေးချင်တယ် ဟုတ်လား..၊ ဘာမေးချင်တာလဲ.."ဟု ပြောလိုက်ရာ ကြောင်က အော်ပြန်၏။ ထိုအခါ စိန်ခိုက

"မောင်မောင်ရေ.. မင်းကို ငါ့ကြောင်က မေးနေတယ်၊ ကျန်စစ်သား ဟာ ဘယ်နှစ်ခုနှစ်မှာ မွေးတာလဲတဲ့ ၊ ဘာနေ့သားလဲတဲ့ ..၊ မဟာဘုတ်

တွက်လိုက်ရင် ဘာဖွားလဲတဲ့ ..."ဟု ပြောလိုက်ရာ မောင်မောင်က-

"မင်းကြောင်ကလည်း ဒီလောက်တောင်တတ်သလားကွာ.." ဟု မချင့်မရဲ ပြန်၍ မေးရလေ၏။

"တတ်တယ် ကိုယ့်လူရေ.. ဖြေနိုင်ရင်တော့ ဖြေပေတော့..."ဟု မချင့်မရဲ ပြန်၍ မေးရလေ၏။

"တတ်တယ် ကိုယ့်လူရေ.. ဖြေနိုင်ရင်တော့ ဖြေပေတော့.." ဟု စိန်ခိုက ပြောလေ၏။ ထိုအခါ မောင်မောင်က-

"ကျွန်စစ်သားရဲ့ မွေးခုနစ်တော်ဟာ (၃၈၂)ကွ၊ နံတော်က အင်္ဂါသားကွ၊ မဟာဘုတ်မှာ အထွန်းဖွားကွ၊ ပုဂံခေတ်မှာ အထွန်းဖွားနဲ့ မင်းဖြစ်တာ (၁၂)ပါးရှိတယ်ကွ၊ အဲဒီအထဲမှာ အင်္ဂါသားမင်းဖြစ်တာ (၇)ပါးရှိတယ်၊ နောက်ထပ် ဘာသိချင်သေးလဲလို့ မင်းကြောင်ကို မေးပါကွာ..."ဟု ပြောလိုက်ရာ စိန်ခိုက သူ၏ ကြောင်ကို ပြောပြလေ၏။ ထိုသို့ ပြောပြသည် ကို နားထောင်ပြီးနောက် ကြောင်သည် တညောင်ညောင် လုပ်ပြန်၏ ။ ထိုအခါ စိန်ခိုက-

"ငါ့ကြောင်က ပြောနေတယ်.. မင်းဟာ ရာဇဝင် အတော်ကြေတာပဲတဲ့ ..."ဟု ပြောလေ၏။ ထိုအခါ မောင်မောင်က-

"မင်းကြောင်အကြောင်း ထားစမ်းပါကွာ.. မင်းနဲ့ ငါနဲ့ စကားပြောရအောင်ပါ၊ မင်း အတော်ချမ်းသာနေတယ်ဆိုပြီး မင်းဆီက အကူအညီတောင်းမလို့ လာတာ အခုတော့ မင်းက ကြောင်သုံးကောင်ပဲ ချမ်းသာတာကိုး၊ မင်းပိုင်တဲ့ ခြံတွေ၊ တိုက်အိမ်ကြီးတွေ ဘယ်ရောက်သွားပြီလဲ.." ဟု မေးလေ၏။

"အဲဒါတွေအားလုံး ကြောင်ကြောင့် ကုန်သွားပြီကွ"ဟု စိန်ခိုက ပြော

လေ၏။ ထိုအခါ မောင်မောင်က

"နေစမ်းပါဦး စိန်ခိုရယ်.. မင်းရဲ့ ကြောင်က အဲဒါတွေကို ငါးကြော်နဲ့ မှားပြီး စားပစ်လိုက်လို့ လား..."ဟု မေးလိုက်ရာ စိန်ခိုက-

"အဲဒီထက်တောင် မြန်သေးတယ် ငါ့လူရေ...၊ တက်တက်ကို ပြောင် သွားတာပဲ..."ဟု ပြော လိုက်လေ၏။ ထိုအခါ မောင်မောင်က-

"နေစမ်းပါဦး၊ မင်းစီးတဲ့ အကောင်းစားကားကြီးဆိုတာကရော ဘယ်ရောက်သွားပြီလဲ.."ဟု မေးလိုက်ရာ စိန်ခိုက-

"အဲဒါကြီးလည်း ကြောင်ကြောင့် ကုန်သွားပြီကွ"ဟု ပြန်၍ ဖြေလေ ၏။ ထိုအခါ မောင်မောင်က-

"ငါသိသလောက် မင်းဟာ ကြောင်ကို မချစ်တတ်ပါဘူးကွ...၊ ဘယ် လိုကနေ ဘယ်လို ကြောင်နဲ့ ပတ်သက်သွားတယ် ဆိုတာလည်း ရှင်းပြစ မ်းပါဦး.."ဟု မေးလိုက်ရလေတော့သတည်း။

******